# အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈ ။ )

၁၃၇၇ ခုနှစ်၊ ပြာသိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) **ရွေးကောက်ပွဲ** ဆိုသည်မှာ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ဆိုသည်။ ယင်းစကားရပ်တွင် လွှတ်တော် ပုံမှန်သက်တမ်းအတွင်း အကြောင်းအမျိုးမျိုးကြောင့် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအတွက် ကော်မရှင်က အခါအားလျော်စွာ သတ်မှတ်ကျင်းပသည့် ကြားဖြတ် ရွေးကောက်ပွဲလည်း ပါဝင်သည်။"

၃။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုး၍ မူလပုဒ်မခွဲ (ခ) ကို ပုဒ်မခွဲ (ဂ) အဖြစ် ပြန်လည်အမှတ်စဉ်ရမည်-

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့်လွှတ်တော် ကိုယ်စားလှယ်လောင်း ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့် ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752626